ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
First Private Bank
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

# ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးရှင်းတမ်းအပေါ် ဘဏ်စီမံခန့်ခွဲရေးအဖွဲ့၏ သုံးသပ်ဆွေးနွေးချက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်(ဧပြီလမှမတ်လအထိ)ပြင်ပစာရင်းစစ် စစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ဘဏ်၏ စီမံခန့်ခွဲရေးအဖွဲ့မှ အစုရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဘဏ်နှင့်ဆက်သွယ်သူများ လေ့လာသိရှိနိုင်ရန်အတွက် (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ် (ဧပြီလမှမတ်လအထိ) အလားတူကာလနှင့် နှိုင်းယှဉ် သုံးသပ် တင်ပြအပ်ပါသည်။

## (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်(ဧပြီလမှမတ်လအထိ)ဝင်ငွေနှင့် အသုံးစရိတ်ရှင်းတမ်းရှင်းလင်းချက်

## ၁။ ဝင်ငွေနှင့်အသုံးစရိတ်စာရင်း(Statement of Comprehensive Income)

### (က) အတိုးဝင်ငွေများ(Interest Income)

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်တွင် ဘဏ်၏အဓိကဝင်ငွေဖြစ်သော အတိုးဝင်ငွေ(Interest Income)မှာ ယခင်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ချေးငွေအတိုးဝင်ငွေပမာဏမှာ ကျပ်၉၄၂.၉၀သန်း (၇.၃၇)ရာခိုင်နှုန်း တိုးလာပါသည်။ အဓိကတိုးလာသည့်အကြောင်းမှာ ဘဏ်ချေးငွေရယူထားသူများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်လာနိုင်သောကြောင့် အတိုးဝင်ငွေများမှန်မှန်ကန်ကန်ရရှိသည့်အပြင် ချေးငွေအသစ်များ ထပ်မံထုတ်ချေးခဲ့ သည့် အတွက် ဖြစ်ပါသည်။ ထို့အပြင် ချေးငွေကြွေးကျန်အချို့ကိုလည်း ပြန်လည်ကောက်ခံရရှိသောကြောင့်ဖြစ်ပါသည်။

### (ခ) အခြားဝင်ငွေများ(Other Income)

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်တွင် အတိုးဝင်ငွေအပြင် အခြားဝင်ငွေများဖြစ်ကြသော ဝန်ဆောင်စရိတ် ရငွေများ၊ မီးအာမခံကော်မရှင်နှင့် ငွေလွှဲလုပ်ငန်းရငွေ စသည့်ဝင်ငွေများမှာ ယခင်နှစ် အလားတူကာလထက် ငွေပမာဏ ကျပ်(၇၀၄.၅၀)သန်း (၁၇.၉၆)ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ လျော့နည်းရသည့် အဓိကကြောင်းမှာ ယခုနှစ် နိုင်ငံခြားဘဏ်လုပ်ငန်းမှ ဝင်ငွေ လျော့နည်းသွားရခြင်းကြောင့်ဖြစ်ပါသည်။

| ရှင်းလင်းချက် | ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ (ကျပ်သန်းပေါင်း) | ၁.၄.၂၀၂၂ မှ ၃၁.၃.၂၀၂၃ (ကျပ်သန်းပေါင်း) | ခြားနားချက် အတိုး/အလျော့ (ကျပ်သန်းပေါင်း) | ရာခိုင်နှုန်း |
|---|---:|---:|---:|---:|
| အတိုးဝင်ငွေ | ၁၃,၇၂၈.၆၆ | ၁၂,၇၈၅.၇၆ | ၉၄၂.၉၀ | ၇.၃၇ |
| အခြားဝင်ငွေ | ၃,၂၁၇.၉၄ | ၃,၉၂၂.၄၄ | (၇၀၄.၅၀) | (၁၇.၉၆) |

**အသုံးစရိတ်များ(Expenses)**

(ဂ) **အပ်ငွေပေါ်ပေးရသော အတိုးစရိတ်(Interest Expenses)များ**

ဘဏ်အပ်ငွေများအပေါ်ပေးသော အတိုးစရိတ်များ(Interest Expenses)မှာလည်း ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလထက် ငွေပမာဏကျပ်(၁,၃၀၀.၈၇) သန်း (၂၀.၉၃) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ယင်းသို့ တိုးတက်ရခြင်းမှာ ဘဏ်အပ်ငွေပမာဏကျပ်(၂၂,၇၀၉.၈၆) သန်း (၁၇.၈၅) ရာခိုင်နှုန်း တိုးတက်သွားသောကြောင့် ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့မှ ဘဏ်အပ်ငွေများကို ပိုမိုရရှိရန် ကြိုးစားဆောင်ရွက်နေသည့်အတွက်ဖြစ်ပါသည်။

(ဃ) **စီမံခန့်ခွဲမှုစရိတ်များ (Operating Expenses)**

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ် အတွင်း လုပ်ငန်းလည်ပတ်မှုအသုံးစရိတ်(Operating Expenses)အပိုင်းတွင် ဝန်ထမ်းစရိတ်များ(Personnel Expenses)ကို (၈.၂၄) ရာခိုင်နှုန်း အထွေထွေစီမံခန့်ခွဲမှုစရိတ်(General & Administrative Expenses)များတွင် (၉.၂၆) ရာခိုင်နှုန်းခန့် ပိုမိုသုံးစွဲခဲ့ပါသည်။ အထွေထွေနှင့် စီမံခန့်ခွဲမှုစရိတ်(General & Administrative Expenses) ပိုမိုသုံးစွဲရခြင်းမှာ ဘဏ်မှ ယခု ဘဏ္ဍာရေးနှစ်အတွင်း (၁) Integrated Core Banking System (၂) FI Gateway (၃) MIS Project (၄) Digital Channel Project and API (၅) Website Project (၆) Purchase Computer for iCBS project အစရှိသည့် ဘဏ်လုပ်ငန်းစနစ်အား နည်းပညာစနစ်အဆင့်မြှင့်တင်လျှက်ရှိသောကြောင့် ပိုမိုကုန်ကျခဲ့ရခြင်းဖြစ်ပါသည်။

| ရှင်းလင်းချက် | ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ (ကျပ်သန်းပေါင်း) | ၁.၄.၂၀၂၂ မှ ၃၁.၃.၂၀၂၃ (ကျပ်သန်းပေါင်း) | ခြားနားချက် အတိုး/အလျော့ (ကျပ်သန်းပေါင်း) | ရာခိုင်နှုန်း |
|---|---|---|---|---|
| အပ်ငွေပမာဏ | ၁၄၉,၉၀၆.၄၇ | ၁၂၇,၁၉၆.၅၉ | ၂၂,၇၀၉.၈၉ | ၁၇.၈၅ |
| အပ်ငွေပေါ်ပေးရမည့်အတိုး | ၇,၅၁၇.၁၆ | ၆,၂၁၆.၂၈ | ၁,၃၀၀.၈၉ | ၂၀.၉၃ |
| လစာနှင့်စရိတ်များ | ၃,၅၃၀.၃၁ | ၃,၂၆၁.၆၁ | ၂၆၈.၇၀ | ၈.၂၄ |
| အထွေထွေစီမံခန့်ခွဲမှုစရိတ်များ | ၃,၄၂၅.၂၉ | ၃,၁၃၄.၉၆ | ၂၉၀.၃၃ | ၉.၂၆ |

၂။ **ဘဏ္ဍာရေးအခြေအနေရှင်းတမ်း(Statement of Financial Position)**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၀၂၃-၂၀၂၄)ခု (၃၁-၃-၂၀၂၄) ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေ ရှင်းတမ်း (Statement of Financial Position as at 31 March 2024) (audited)အပေါ် ဘဏ်စီမံခန့်ခွဲရေးအဖွဲ့မှ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) **ရရန်ပိုင်ခွင့်များ(Assets)**

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ် (၃၁-၃-၂၀၂၄)နေ့ရှိ ဘဏ်၏ငွေသားနှင့် ငွေသားကဲ့သို့ တန်ဖိုးတူ ရပိုင်ခွင့်များ (Cash & Cash equivalents)မှာ ယခင်နှစ် ဘဏ္ဍာရေးနှစ်နှင့် အလားတူကာလကထက် (၃.၉၁)ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ချေးငွေနှင့် ရရန်ရှိများ (Loans and receivables)သည် ယခင်နှစ်အလားတူကာလထက် (၂၃.၉၁)ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စုစုပေါင်းရရန်ပိုင်ခွင့်(Total Assets)များမှာယခင်ဘဏ္ဍာရေးနှစ်အလားတူကာလထက် (၁၃.၃၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

(ခ) <u>အစုရှင်များ၏ ပိုင်ဆိုင်ခွင့်(Equity)</u>

အစုရှင်များ၏ ပိုင်ဆိုင်ခွင့် (Equity)တွင် ဥပဒေအရ လျာထားသီးသန့်ရန်ပုံငွေ (Statutory reserve) မှာ ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလထက် (၂.၇၉) ရာခိုင်နှုန်း ပိုမိုများလာပါသည်။ မခွဲဝေရသေးသည့် နှုတ်ချန်ထားသည့် ဝင်ငွေစာရင်း (Retained Earning) လက်ကျန်မှာ ယခင်နှစ်အလားတူကာလထက် ငွေပမာဏ ကျပ် ၄,၃၉၇.၉၇ သန်း၊ (၉၁.၁၈) ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ယင်းသို့တိုးတက်ရခြင်းမှာ ဒါရိုက်တာအဖွဲ့သည် ဆုံးရှုံးနိုင်ခြေရှိသော ချေးငွေများအပေါ်လျာထားချက်အား သီးခြားအပြည့်အဝလျာထားခဲ့ပြီး အစုရှင်များ၏ပိုင်ဆိုင်ခွင့်အောက်မှ လျာထားသည့်ငွေပမာဏကျပ်(၂,၈၂၁.၅၆) သန်း အားမခွဲဝေရသေးသည့် နှုတ်ချန်ထားသည့် ဝင်ငွေစာရင်း (Retained Earning) သို့ပေါင်းထည့်ခြင်း နှင့် (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ် အမြတ်မှပေါင်းထည့်ငွေ ပမာဏကျပ် (၁,၅၇၆.၄၁) သန်း တို့ကြောင့်ဖြစ်ပါသည်။

| ရှင်းလင်းချက် | ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ | ၁.၄.၂၀၂၂ မှ ၃၁.၃.၂၀၂၃ | ခြားနားချက် အတိုး/အလျော့ | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က)ငွေသားနှင့်ငွေသားကဲ့သို့ ရပိုင်ခွင့်များ | ၅၂,၃၂၁.၉၉ | ၅၀,၃၅၅.၁၁ | ၁,၉၆၆.၈၈ | ၃.၉၁ |
| Loan & Advance | ၁၁၉,၀၈၇.၇၁ | ၉၆,၁၀၆.၉၃ | ၂၂,၉၈၀.၇၇ | ၂၃.၉၁ |
| Total Assets | ၂၃၇,၅၇၄.၃၁ | ၂၀၉,၆၀၈.၉၁ | ၂၇,၉၆၅.၄၁ | ၁၃.၃၄ |
| (ခ) Statutory Reserve | ၁၉,၀၄၃.၃၅ | ၁၈,၅၂၅.၉၇ | ၅၁၇.၃၈ | ၂.၇၉ |
| Retained Earning | ၉,၂၂၁.၃၆ | ၄,၈၂၃.၃၉ | ၄,၃၉၇.၉၇ | ၉၁.၁၈ |

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်တွင် အခက်အခဲများကြားမှ ဒါရိုက်တာအဖွဲ့သည် ဘဏ်လုပ်ငန်းများကို ပုံမှန်နီးပါးလည်ပတ်နိုင်အောင် ကြိုးစားဆောင်ရွက်ခဲ့ရပါသည်။ အခြားတစ်ဖက်မှလည်း ဘဏ်လုပ်ငန်းများကို ခေတ်မီဘဏ်လုပ်ငန်းစနစ် Digital Banking သို့ ပြောင်းလဲနိုင်ရန် ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။ ဒါရိုက်တာအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဘဏ်အပ်ငွေများ၊ ဘဏ်ချေးငွေများ ပိုမိုရရှိရန်ဆောင်ရွက်လျှက်ရှိပြီး ချေးငွေများကို ချေးငွေကြွေးကျန်(NPL)မဖြစ်ပေါ်စေရန် အထူးဂရုစိုက် စိစစ်ဆောင်ရွက်လျှက်ရှိသည့်အပြင် (NPL)များကိုလည်းအမြန်ဆုံး ပြန်လည်ရရှိစေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျှက်ရှိပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

အမှုဆောင်အရာရှိချုပ်

၂၀၂၄ ခုနှစ် ဇူလိုင်လ( ၄ )ရက်